# အစာအုပ်စုများနှင့် အကျိုးကျေးဇူးများ

### ကောက်နှံအမျိုးမျိုးနှင့် ကောက်နှံထွက် ပစ္စည်းများ၊ သစ်ဥသစ်ဖုများ (ကစီဓါတ်ပါသော အစားအစာများ)

ကလေး၏ကြီးထွားဖွံ့ဖြိုးမှု၊ မိခင်နို့ထွက် ကောင်းမွန်စေမှုနှင့် နေ့စဉ်ကိုယ်လက် လှုပ်ရှားမှုများအတွက် အဓိကစွမ်းအင် အရင်းအမြစ် ဖြစ်သည်။ အမျှင်ဓါတ် များစွာ ပါဝင်ပြီး ကိုယ်အလေးချိန် ထိန်းညှိပေးသည်။ ဝမ်းချုပ်ခြင်း၊ အဝလွန်ခြင်း၊ ဆီးချိုရောဂါ၊ သွေးတွင် အဆီများခြင်းနှင့် နှလုံးရောဂါ ဖြစ်ပွားနိုင်ခြေကို လျော့ကျစေသည်။




### အသားဓါတ်ပါသော အစားအစာများ

ကလေးကြီးထွားဖွံ့ဖြိုးမှုနှင့် အချင်းဖွံ့ဖြိုးမှုအတွက် လိုအပ်ပြီး မိခင်နို့တွင် ပါဝင်သော အရေးကြီးသည့် အာဟာရဓါတ်တစ်မျိုးဖြစ်ပါသည်။

### အခွံမာသီးနှင့်အစေ့များ

ပရိတင်း၊ အဆီ၊ အမျှင်ဓာတ်၊ ဗီတာမင်များနှင့် သတ္တုဓာတ်များ (ဗီတာမင်အီး၊ ဖောလိတ်၊ သံဓာတ် စသည်) ကြွယ်ဝစွာ ပါဝင်သော အာဟာရအရင်းအမြစ်များ ဖြစ်သည်။

### သစ်သီးနှင့်ဟင်းသီးဟင်းရွက်များ

ဗီတာမင်များ (ဗီတာမင်အေ၊ ဗီတာမင်စီ၊ ဖောလိတ် စသည်)၊ သတ္တုဓာတ်များ (ကယ်လ်စီယမ်၊ ပိုတက်စီယမ်၊ မဂ္ဂနီစီယမ် စသည်)၊ အမျှင်ဓာတ်များ ကြွယ်ဝစွာ ပါဝင်ပြီး အဆီပါဝင်မှုနည်းပါးသောကြောင့် အာဟာရချို့တဲ့မှုကို ကာကွယ်ပေးကာ ကိုယ်ခံအားစနစ်ကို အားကောင်းစေသည်။

### အဆီနှင့်ဆီများ


ကြီးထွားဖွံ့ဖြိုးမှု၊ ကိုယ်လက်လှုပ်ရှားမှုနှင့် ခန္ဓာကိုယ်အပူချိန်ထိန်းသိမ်းရန်အတွက် လိုအပ်သည်။ အဆီနှင့်ဆီများကို အနည်းငယ်သာ စားသုံးသင့်သည်။

## မိခင်အာဟာရအတွက် အရေးကြီးသော ဗီတာမင်နှင့် သတ္တုဓါတ်များ



### ဖောလစ်အက်စစ်

ချို့တဲ့ပါက ခန္ဓာကိုယ်မသန်စွမ်းသော သန္ဓေသားများ ဖြစ်နိုင်သည်။




### ဗီတာမင်ဘီဝမ်း

မိခင်နှင့်ကလေး၏ဇီဝကမ္မဖြစ်စဉ်များ၊ ကြွက်သားများနှင့် အာရုံကြောလုပ်ငန်းများအတွက် မရှိမဖြစ် လိုအပ်သည်။



### အိုင်အိုဒင်း

ကလေး၏ ဦးနှောက်ဖွံ့ဖြိုးမှုအတွက် အရေးကြီးသည်။ ချက်ပြုတ်ရန်နှင့် အရသာဖြည့်စွက်ရန်အတွက် အိုင်အိုဒင်းဆားကို အသုံးပြုပါ။



### သံဓါတ်

သွေးနီဥဖြစ်ပေါ်ရန်နှင့် ဦးနှောက်နှင့် ခန္ဓာကိုယ်ကြီးထွားဖွံ့ဖြိုးရန်အတွက် လိုအပ်သည်။

### ဗီတာမင်အေ

ကလေး၏ ကြီးထွားဖွံ့ဖြိုးမှု၊ ကိုယ်ခံအားစနစ်၊ မျက်စိနှင့် အရေပြားကျန်းမာရေးအတွက် အရေးကြီးပါသည်။




### ကျန်းမာရေးနှင့်ညီညွတ်စွာစားသုံးတတ်စေရန် အကြံပြုချက်များ



- နေ့စဉ် အစာအုပ်စုတစ်စုစီမှ အစားအစာများကို ပမာဏလုံလောက်စွာ ရွေးချယ်စားသုံးပါ။



- ရေ၊ စွပ်ပြုတ်၊ နို့နှင့် နို့ထွက်ပစ္စည်းများ၊ သကြားမပါသော ဖျော်ရည်များကို နေ့စဉ်များများသောက်ပါ။ (တစ်နေ့လျှင် ၆–၈ ခွက်)
- အဆီ၊ သကြားနှင့် ဆားများသော အစားအစာများကို အနည်းငယ်သာ စားသုံးပါ။




- သံဓါတ်နှင့် ဖောလစ်အက်ဆစ်၊ ကယ်လ်ဆီယမ် စသည့် အာဟာရဖြည့်စွက်ဆေးများ သောက်သုံးပါ။
- အစားအစာသန့်ရှင်းမှုနှင့် တစ်ကိုယ်ရည်သန့်ရှင်းမှုကို ဂရုပြုပါ။



- ကိုယ်လက်လှုပ်ရှားမှုများကို ပုံမှန်လုပ်ဆောင်ပါ။



- အရက်နှင့် ဆေးလိပ်ကို လုံးဝရှောင်ကြဉ်ပါ။
- ကော်ဖီ၊ လက်ဖက်ရည် အလွန်အကျွံ သောက်သုံးခြင်းကို ရှောင်ကြဉ်ပါ။



- သားစိမ်းငါးစိမ်းများနှင့် မကျက်သေးသောအသားများ၊ ပိုးမသတ်ထားသော နို့ စသည်ကို မစားသုံးပါနှင့်။

World Health Organization
Myanmar

# မိခင်တိုင်းအတွက် အာဟာရ



ကိုယ်ဝန်ဆောင်ချိန်နှင့် မိခင်နို့တိုက်ကျွေးချိန်တွင် ကျန်းမာရေးနှင့်ညီညွတ်ပြီး အာဟာရပြည့်ဝသော အစားအစာများသုံးခြင်းသည် သန္ဓေသားကြီးထွားဖွံ့ဖြိုးမှုနှင့် မိခင်၏ကျန်းမာရေးကို အထောက်အကူပြုပြီး မိခင်နို့ထွက်ကောင်းစေရန် ပံ့ပိုးပေးပါသည်။